**(COVID-19) ကိုရိုနာဗိုင်းရပ်စ် နှင့် လစာအပြည့်ပေးသည့် ဖျားနာခွင့် နှင့် စပ်လျဉ်းသော မေးခွန်းများ**

1. **COVID-19 ကြောင့် လူထုအာဏာပိုင်များက စီးပွားရေးလုပ်ငန်းခွင်ကို ပိတ်ထားပါက ဝန်ထမ်းများအနေဖြင့် ပျက်ကွက်ရက်ကို လစာပေးဖျားနာခွင့် အနေဖြင့် အသုံးပြု၍ ရပါသလား လုပ်ငန်းရှင်မှ လုပ်ငန်းဆက်လက်၍လည်ပတ်နေသော်လည်း မြို့တော်ဝန်၏ အမိန့်အရ လုပ်ငန်းကို တားမြစ်ပိတ်ပင်မှုများ ရှိနေပါက မည်သို့နည်း**
   အလုပ်ခန့်ထားဆဲဖြစ်ပါက ဝန်ထမ်းများအနေဖြင့် လစာပေးဖျားနာခွင့်များကို စုပေါင်း၍ အသုံးပြုနိုင်ပါသည်။ အလုပ်ရှင်မှ တစ်စုံတစ်ယောက်အား အလုပ်မှ ရပ်နားခဲ့ပါက အလုပ်လက်မဲ့ ခံစားခွင့်များကို လျှောက်ထားနိုင်ပါသည်။
2. **ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ဆက်လက်၍ အလုပ်ခန့်အပ်ထား၊မထား မည်ကဲ့သို့ သိနိုင်ပါသနည်း**
   အလုပ်ရှင်မှ ဝန်ထမ်းများကို အလုပ်မှ ရပ်နားထားလျှင် သူတို့အား အလုပ်မှရပ်နားထားကြောင်း အသိပေးသင့်သည်။ ဝန်ထမ်းများအလုပ်မှ ရပ်နားခံရခြင်း သို့မဟုတ် အလုပ်ချိန်နာရီများ လျှော့ချခံထားရပါက အလုပ်လက်မဲ့ ခံစားခွင့်များကို လျှောက်ထားနိုင်ပါသသည်။
3. **ဝန်ထမ်း၏ ကလေးမှ တက်ရောက်နေသည့် ကျောင်း သို့မဟုတ် ထိန်းကျောင်းပေးထားသည့် နေရာတစ်ခုခုမှာ ကျန်းမာရေးအခြေအနေကို ရှေးရှု၍ ပိတ်ထားလျှင် ဝန်ထမ်းအနေဖြင့် လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသလား**
   သုံးနိုင်ပါသည်။
4. **အကယ်၍ ဝန်ထမ်းဖြစ်သူ၏ အလုပ်ခွင် သို့မဟုတ် ၎င်း၏ကလေး တက်ရောက်နေသည့် ကျောင်း သို့မဟုတ် ထိန်းကျောင်းပေးထားသည့် နေရာတစ်ခုခုမှာ ပိတ်ထားလျှင် အလုပ်ရှင်မှ လစာပေးဖျားနာခွင့်ကို ငြင်းပယ်ပြီး ဝန်ထမ်းကို အိမ်မှတစ်ဆင့် အလုပ်လုပ်ခိုင်းခွင့်ရှိပါသလား**
   မရှိပါ။
5. **အလုပ်ရှင်မှ မိမိ၏ လုပ်ငန်းခွင်အား COVID-19 ကြောင့်ထိခိုက်နိုင်မှုအားလျှော့ချလို၍ အလုပ်ပိတ်ထားပါက ဝန်ထမ်းအနေဖြင့် ၎င်းပျက်ကွက်ရက်များအားတွင် လစာပေးဖျားနာခွင့်ကို အသုံးပြုနိုင်ပါသလား**
   အကယ်၍ COVID-19 ကြောင့် လုပ်ငန်းကိုယာယီပိတ်ထားဖို့ အလုပ်ရှင်မှ ဆုံးဖြတ်ထားလျှင် ဝန်ထမ်းများအနေဖြင့် လစာပေးဖျားနာခွင့်ကို မိမိမှ လျှောက်ထားရန်လိုမည် မဟုတ်ပါ။ သို့သော်ငြားလည်း အလုပ်ရှင်မှ ဤကဲ့သို့ အခြေအနေတွင် လစာပေးဖျားနာခွင့်ကို ပေးရန် ခွင့်ပြုနိုင်ပါသည်။

6. **COVID-19 ဖြစ်ရန်အလားအလာရှိသည့် ဝန်ထမ်းကို အလုပ်ရှင်မှ အလုပ်နားခိုင်းရန် လိုအပ်ပါသလား**
   အလုပ်ရှင်မှ ဝန်ထမ်းများအား အလုပ်မှနားခိုင်းရန် လိုအပ်ပါလိမ့်မည်။ သို့သော်ငြားလည်း အလုပ်ရှင်များမှ **ဤပျက်ကွက်မှုအတွက် ဝန်ထမ်းများအား လစာပေးဖျားနာခွင့်ကို အသုံးပြုဖို့စေခိုင်းရန်** မလိုအပ်ပါ။
7. **COVID-19 ရောဂါပိုးရှိနေနိုင်သော ကြောင့် အလုပ်မှနားခိုင်းခံရသည့် ဝန်ထမ်းအနေဖြင့် ပျက်ကွက်သည့်ကာလအတွက် လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသလား**
   ဝန်ထမ်းအနေဖြင့် လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသည်။ သို့သော်ငြားလည်း အလုပ်ရှင်များမှ ဤပျက်ကွက်မှုအတွက် ဝန်ထမ်းများအား လစာပေးဖျားနာခွင့်ကို စုပေါင်း၍အသုံးပြုဖို့စေခိုင်းရန် မလိုအပ်ပါ။
8. **ဝန်ထမ်းမှ COVID-19 နှင့်ဆက်စပ်သည့် ရောဂါလက္ခဏာများ ခံစားနေရခြင်း သို့မဟုတ် ဖျားနာနေသောကြောင့် လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုခွင့်ရှိပါသလား**
   ဝန်ထမ်းများအနေဖြင့် ကာယပိုင်းဆိုင်ရာ ဖျားနာမှု၊ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် တခြားသောကျန်းမာရေးအခြေအနေများအတွက် လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသည်။ ဝန်ထမ်းများအနေဖြင့် မိသားစုဝင်တစ်ဦးဦးမှ ကာယပိုင်းဆိုင်ရာ ဖျားနာမှု၊ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် တခြားသောကျန်းမာရေးအခြေအနေများရှိနေသည့်အတွက် လည်း လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသည်။
9. **COVID-19 နှင့်ထိတွေ့ခဲ့မှု ရှိနိုင်သည် သို့မဟုတ် ရောဂါလက္ခဏာများရှိနေသည်ဟု ဆရာဝန်မှ ပြောလာလျှင်ကော ဝန်ထမ်းမှ လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသလား**
   သုံးနိုင်ပါသည်။
10. **အကယ်၍ ဝန်ထမ်းမှ ဆေးစစ်ချက်များပြုလုပ်ထားခြင်း၊ ကုသမှုခံယူနေခြင်း၊ သို့မဟုတ် ဖျားနာမှုမရှိရန် ဆေးဝါးကုသမှုဆိုင်ရာကြိုတင်ကာကွယ်မှု သို့မဟုတ် COVID-19 နှင့် စပ်လျဉ်းသည့် ရောဂါလက္ခဏာများရှိနေသည့် အတွက် လစာပေးဖျားနာခွင့်ကို စုပေါင်း၍ အသုံးပြုနိုင်ပါသလား**
    အသုံးပြုနိုင်ပါသည်။
11. **အလုပ်ရှင်အနေဖြင့် လစာပေးအားလပ်ရက်ခွင့်အစီအစဉ် (PTO) မှ လစာပေးဖျားနာခွင့်ကို ပေးခဲ့ပါက ဝန်ထမ်းအနေဖြင့် COVID-19 နှင့် ဆက်စပ်၍ PTO ခွင့်ကို အသုံးပြုနိုင်ပါသလား**
    အသုံးပြုနိုင်ပါသည်။

**12.အလုပ်ရှင်များအနေဖြင့် ထပ်ဆင့် လစာပေးဖျားနာခွင့် သို့မဟုတ် COVID-19 ကြောင့် ဆုံးရှုံးနစ်နာခဲ့ရသည့် လစာများကို မည်ကဲ့သို့ ဖြည်းဆည်းပေးနိုင်သနည်း**

- အလုပ်ရှင်များအနေဖြင့် လစာပေးဖျားနာခွင့် နှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများထက်ပို၍ မိမိ၏ ဝန်ထမ်းများအား လစာပေးဖျားနာခွင့်များကို ရက်ရောစွာ ပေးနိုင်ပါသည်။
- အလုပ်ရှင်များအနေဖြင့် တရားဝင်ခွင့်ပြုထားသည့် လစာပေးဖျားနာခွင့်ယူရန် အကြောင်းရင်းများထက် ကျော်လွန်၍လည်း မိမိ၏ဝန်ထမ်းများအား ခွင့်များပေး နိုင်ပါသည်။
- အလုပ်ရှင်များအနေဖြင့် COVID-19 နှင့် စပ်လျဉ်း၍ မိမိ၏ ဝန်ထမ်းများအား ခွင့်ယူရန် လိုအပ်သည့် အတည်ပြုချက်များကို လည်း ယာယီသက်ညှာပေးနိုင်ပါသည်။
- လစာပေးဖျားနာခွင့်များကို ယူနိုင်ရန်အတွက်လည်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက် အသစ် များကို ထည့်သွင်းခြင်း နှင့် ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။
- အလုပ်ရှင်များအနေဖြင့် လစာထဲမှပြန်လည်နှုတ်ယူသွားရမည့် စည်းမျဉ်းများ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသ၍ မိမိ၏ဝန်ထမ်းများအား လစာကြိုထုတ်ပေးခြင်း များ ပြုလုပ်နိုင်ပါသည်။
- အလုပ်ရှင်များအနေဖြင့် ခွင့်ကိုမျှဝေအသုံးပြုသည့် စည်းကမ်းသတ်မှတ်ချက်များကို လည်း ထည့်သွင်းနိုင်ပါသည်။ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ခွင့်များထဲမှ လိုအပ်နေသည့် အလုပ်ဖော်များအား ခွင့်လှူခွင့်များကိုလည်း ခွင့်ပြုပေးနိုင်ပါသည်။